Myanmar Red Cross Society

# အလုပ်လျှောက်လွှာခေါ်ယူခြင်း

| | | |
|---|---|---|
| **ရာထူးအမည်** | **:** | **ယာဉ်မောင်း** |
| အရေအတွက် | : | (၁) ဦး |
| အစီရင်ခံတင်ပြမှု | : | လက်ထောက်ညွှန်ကြားရေးမှူး |
| ဌာန | : | စီမံရေးရာ |
| တာဝန်ကျရာနေရာ | : | ရန်ကုန် |
| Grade | : | B2 |
| အကျိုးခံစားခွင့်များ | : | လစာ + ကိုယ်ခန္ဓာထိခိုက်မှုနှင့်ရောဂါဘယအာမခံ+ လုပ်ငန်းတွင်းသင်တန်းများ + ခရီးသွားစားရိတ် + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါ ကာကွယ်ခွင့် + လုပ်သက်ခွင့်+ ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + အစားထိုးခံစားခွင့် |
| **လျှောက်လွှာပိတ်ရက်** | **:** | **၁၀.၀၃.၂၀၂၀၊ (၁၆:၃၀)နာရီ** |

**စီမံရေးရာဌာန၏အကြောင်းအရာ။** မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်ရှိ ဌာန (၁၂)ခုတွင် စီမံရေးရာဌာန သည် တစ်ခုအပါအဝင်ဖြစ်သည်။ စီမံရေးရာဌာနကို ဌာနစိတ် (၇)ခုတို့ဖြင့်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ဌာနစိတ်(၇)ခုမှာ အဆောက်အဦဌာနစိတ်၊ မော်တော်ယာဉ်ဌာနစိတ်၊ လုံခြုံရေးဌာနစိတ်၊ စာကြည့်တိုက်၊ သန့်ရှင်းရေးဌာနစိတ်၊ ဥယျာဉ်ဌာနစိတ်၊ စားရိပ်သာဌာနစိတ်တို့ဖြစ်ပြီး၊ ဌာနများ၏ ရုံးလုပ်ငန်းများစနစ်တကျ ရှိရေး၊ ဝန်ထမ်းများ အဆင်ပြေစွာ နေထိုင်၊ စားသောက်၊ သွားလာရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ယာဉ်မောင်း** သည် မော်တော်ယာဉ်ဌာနစိတ်တွင် နေပြည်တော်ရှိ ဌာနချုပ်၌ ယာဉ်မောင်း (၅)ဦး၊ ရန်ကုန်ရုံးခွဲ ယာဉ်မောင်း (၁၂) ဦး စုစုပေါင်းယာဉ်မောင်း (၁၇)ဦး ရှိပါသည်။ ယာဉ်မောင်းဝန်ထမ်းသည် ဝန်ထမ်းများနှင့် အသင်းပိုင်ပစ္စည်းများကို ညွှန်ကြားချက်နှင့်အညီ စနစ်တကျ လုံခြုံစွာသယ်ယူပို့ဆောင်ပေးရန်ဖြစ်ပါသည်။

## လုပ်ငန်းတာဝန်များ

(၁) မြန်မာနိုင်ငံကြက်ခြေနီအသင်းမှပေးထားသော အသင်းပိုင်မော်တော်ယာဉ်ကို သတ်မှတ်ထားသော မော်တော်ယာဉ် လက်စွဲစည်းမျဉ်းစည်းကမ်းများစာအုပ်ပါ စည်းကမ်းချက်များနှင့်အညီ မောင်းနှင်ရမည်။

(၂) ဝန်ထမ်းများနှင့် ကုန်ပစ္စည်းများအား ညွှန်ကြားချက်နှင့်အညီ စနစ်တကျလုံခြုံစွာ သယ်ယူပို့ဆောင်ပေး နိုင်ရမည်။

**"Person with disability are encouraged to apply this post as they will be given equal opportunity"**

**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"**

(၃)သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေနှင့် ညွှန်ကြားချက်များကို နားလည်သိရှိ ပြီး လိုက်နာဆောင်ရွက်ရမည်။

( ၄)မြန်မာနိုင်ငံကြက်ခြေနီအသင်းပိုင် မော်တော်ယာဉ်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အုပ်ချုပ်ရေး စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း ကောင်းစွာ ပြုပြင်ထိန်းသိမ်းမောင်းနှင်နိုင်ရမည်။

(၅)မော်တော်ယာဉ်ကို စနစ်တကျနှင့် လုံခြုံမှုရှိစွာသုံးစွဲကြောင်းတာဝန်ယူရန်နှင့် ထုတ်ပေးထားသော ယာဉ်ပြင် ကိရိယာများ(ဂျိုင်းထောက်၊ စက်ပြင်ကရိယာ.. စသည့်)တို့ကို စနစ်တကျအသုံးပြုရမည်။

(၆)မော်တော်ယာဉ်အကြောင်း ကောင်းစွာနားလည်ပြီး နယ်မြေလမ်းကြောင်းအခြေအနေပေါ် မူတည်၍ ကောင်းမွန်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။

(၇)ယာဉ်ပြင်ကရိယာအကြောင်း ကောင်းစွာနားလည်အသုံးပြုနိုင်သူဖြစ်ရမည်။

(၈)မိမိတာဝန်ယူရသည့် မော်တော်ယာဉ်ကို နေ့စဉ်မော်တော်ယာဉ်စစ်ဆေးမှုအတွက် သတ်မှတ်ထားသော ပုံစံပါအချက်များအတိုင်း စစ်ဆေးရမည်စစ်ဆေးရန် တာဝန်ပေးပါကလည်း အလားတူဆောင်ရွက် ပေးရမည်။

(၉) မော်တော်ယာဉ်နှင့်ပတ်သတ်သော အသေးစားပြင်ဆင်မှုများအတွက် စစ်ဆေးနိုင်ပြီး ပြင်ဆင်နိုင်ရမည်။

(၁၀)မော်တော်ယာဉ်ပြင်ဆင်မှုမှတ်တမ်းများ၊ မော်တော်ယာဉ်အသုံးပြုမှတ်တမ်းများ၊ စက်သုံးဆီသုံးစွဲမှု မှတ်တမ်း(Work Ticket)တို့ကို မော်တော်ယာဉ်စည်းမျဉ်း၊ စည်းကမ်းများအတိုင်း ထိန်းသိမ်း ဖြည့်စွက်နိုင် သူ ဖြစ်ရမည်။

(၁၁)ရုံးစည်းကမ်းပါအလုပ်ချိန်သတ်မှတ်ချက်အတိုင်း လုပ်ငန်းဆောင်ရွက်ရမည်။ လုပ်ငန်းလိုအပ်ချက်အရ အချိန်ပိုဆက်လက်ထမ်းဆောင်ရန် လိုအပ်ပါက လေးစားစွာနာခံဆောင်ရွက်တတ်ရမည်။

(၁၂) လုပ်ငန်းလိုအပ်ချက်အရ ခရီးဝေးမောင်းနှင်နိုင်သူဖြစ်ရမည်။

**လိုအပ်သည့်အရည်အချင်းသတ်မှတ်ချက်များ**

- **မြန်မာနိုင်ငံသားဖြစ်ရမည်။**
- **အသက်(၂၅)နှစ်မှ(၅၇)နှစ်အတွင်းဖြစ်ရမည်။**
- အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးသူဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအဆင့်အောင်မြင်ပြီးသူကိုဦးစားပေးမည်။
- စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်းရမည်။
- ယာဉ်မောင်းအတွေ့အကြုံအနည်းဆုံး(၁) နှစ်ရှိရမည်။
- သက်တမ်းမကုန်ဆုံးသော ယာဉ်မောင်းလိုင်စင်လက်ဝယ်ရှိရမည်။
- ကြက်ခြေနီအခြေခံမူများနှင့်အညီ အသင်း၏လှုပ်ရှားမှုများတွင်ပါဝင်ဆောင်ရွက်နိုင်ရမည်။

**"Person with disability are encouraged to apply this post as they will be given equal opportunity"**

**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"**

- လူမှုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
- မြန်မာစာကောင်းမွန်စွာရေး/ဖတ်နိုင်ရမည်။

**စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာပေးပို့လျှောက်ထားမှသာလျှင် ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်-**

| | |
|---|---|
| **မြန်မာနိုင်ငံကြက်ခြေနီအသင်း** | **မြန်မာနိုင်ငံကြက်ခြေနီအသင်း** |
| **ရုံးချုပ်** | **ရုံးခွဲ** |
| **ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊** | **အမှတ်(၄၂)၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊** |
| **နေပြည်တော်။** | **ရန်ကုန်။** |

(သို့မဟုတ်) mrcshrrecruitment@redcross.org.mm သို့လိပ်မူကာ ပေးပို့ရမည်။

အသေးစိတ်အချက်အလက်များအား www. redcross.org.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**

**"Person with disability are encouraged to apply this post as they will be given equal opportunity"**
**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"**